ဗင်းဗထူး

# ယုံကြည်စိတ်ချရသော ပြုပြင်ပြောင်းလဲမှု(၉)

## တောင်အာရှဒေသ အစိုးရများ၏ ယုံကြည်စိတ်ချရမှုတည်ဆောက်ခြင်း

တောင်အာရှဒေသဖွံ့ဖြိုးဆဲနိုင်ငံများတွင် ပုံမှန်အကျပ်ရိုက်စေသည့်ကိစ္စသည် ပြည်သူ့ရေးရာဝန်ဆောင်မှုလုပ်ငန်းများတွင် ကျွမ်းကျင်လိမ္မာမှုနှင့် သမာသမတ်ကျမှု လျော့နည်းခြင်းနှင့် စီမံကိန်းများ အရည်အချင်းပြည့်မီစွာအကောင်အထည်ဖော်နိုင်မှုအားနည်းခြင်းတို့ဖြစ်ပါသည်။ အဆိုပါအရင်းခံ အကြောင်းတရားကြောင့် ပင်လျှင် နိုင်ငံရေးမတည်ငြိမ်မှု၊ အကြမ်းဖက်မှု၊ အစွန်းရောက်အဖွဲ့များထွက်ပေါ်လာမှုနှင့် အစိုးရများအပေါ် ပြည်သူလူထု၏ ယုံကြည်စိတ်ချရမှုကို ကျဆင်းစေပါသည်။ အစိုးရများသည် ကောင်းမွန်သော အုပ်ချုပ်ရေး၊ ပါဝင်နိုင်ခွင့်ရှိခြင်း၊ ဖွံ့ဖြိုးတိုးတက်ခြင်းနှင့် လုံခြုံရေးတည်းဟူသော အခြေခံအုတ်မြစ် လေးချပ်အပေါ် မူတည်၍ ယုံကြည်စိတ်ချမှုရရှိအောင် တည်ဆောက်နေကြသည်ကို တွေ့ရပါသည်။

## အတိတ်ကာလက အကြောင်းတရား

ကမ္ဘာပေါ်ရှိ အခြားသော ဖွံ့ဖြိုးဆဲဒေသများကဲ့သို့ပင် တောင်အာရှနိုင်ငံများ၌ အစိုးရများအပေါ် ယုံကြည်စိတ်ချရမှုကျဆင်းခဲ့ကြပါသည်။ ၂၀၀၅ ခုနှစ်တွင် ပညာရှင်အချို့ကောက်ယူတွေ့ရှိချက်အရ နိုင်ငံရေးပါတီများအပေါ်တွင် လည်းကောင်း၊ ရဲတပ်ဖွဲ့အပေါ်တွင် လည်းကောင်း၊ ယုံကြည်စိတ်ချရမှုအဆင့် နိမ့်ကျသည်ကိုတွေ့ရပါသည်။ သမိုင်းနောက်ခံဖြင့် စစ်ဆေးသုံးသပ်မည်ဆိုလျှင် ထိုသို့သောအခြေအနေသို့ ရောက်ရှိခဲ့ရသည်မှာပြည်တွင်း၊ ပြည်ပဖိအားများကို ထိရောက်သော အုပ်ချုပ်ရေးစနစ်ဖြင့် မတုံ့ပြန်နိုင်ခဲ့ခြင်းနှင့် ကမ္ဘာလွှမ်းခြုံဖြစ်ပေါ်မှု၏စိန်ခေါ်မှုများကို ရင်ဆိုင်နိုင်သည့်အစီအစဉ်မရှိသောကြောင့်ဖြစ်ကြောင်း တွေ့ရှိရမည်ဖြစ်ပါသည်။ ဆိုဗီယက်ပြည်ထောင်စုပြိုလဲခြင်းနှင့် ကမ္ဘာလွှမ်းခြုံမှုပုံစံရွေ့လျားခြင်းတို့သည် ဖွံ့ဖြိုးပြီးနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ အုပ်ချုပ်ရေးလုပ်ငန်းစဉ်များအပေါ် အကြီးအကျယ်သက်ရောက်မှုရှိစေပါသည်။ ဖွံ့ဖြိုးပြီးနိုင်ငံများတွင် ဤအရွေ့ကို အခက်အခဲအနည်းငယ်ဖြင့် ဆီလျော်ညီညွတ်အောင်ထိန်းညှိပေးနိုင်ကြသော်လည်း ဖွံ့ဖြိုးဆဲနိုင်ငံများအဖို့ကား ကမ္ဘာလွှမ်းခြုံမှုအားကို ခံနိုင်ရည်ရှိမရှိ အကြီးအကျယ်စမ်းသပ်စစ်ဆေးခြင်းခံကြရပါသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများ၏အုပ်ချုပ်ရေးအပိုင်းတွင်ဖြစ်ပေါ်နေသောပြဿနာများ၏ဆွဲငင်အားကိုလိုက်၍အကျပ်အတည်း တစ်စိတ်တစ်ပိုင်း ရင်ဆိုင်ရသောနိုင်ငံများ၊ သတိပေးခေါင်းလောင်းထိုးခံရသည့်နိုင်ငံများနှင့် ဗွေဖောက်ခြင်းသို့မဟုတ် ဆုံးရှုံးခြင်းခံရသောနိုင်ငံများဟူ၍ သုံးမျိုးသုံးစားခွဲခြားထွက်ပေါ်လာကြပါသည်။

စစ်အေးကာလအတွင်းက အစိုးရများသည် လူမှုစီးပွားရေး၊လူနည်းစုအရေး၊ ဒေသအရေး၊ ဘာသာရေးစသည့်ပြဿနာများကို ဖုံးအုပ်ထားခဲ့နိုင်ကြသော်လည်း စစ်အေးကာလပြီးဆုံးသည့်အခါ အဆိုပါ ဖိသိပ်သိမ်းဆည်းထားသောကိစ္စများသည် ရုံဖန်ရံခါအကြမ်းပတမ်း အခြေအနေများနှင့်အတူ ပေါက်ကွဲထွက်ပေါ်လာပါတော့သည်။ ပြည်တွင်း၌ ယင်းသို့အကျပ်အတည်းပေါင်းစုံ နက်ရှိုင်းစွာပေါ်ပေါက်နေခိုက် ကမ္ဘာလွှမ်းခြုံမှုပုံစံကလည်းကြီးမားသောအရွေ့အတွက် တောင်းဆိုချက်ဖြစ်လာသည့်အခါ ဖွံ့ဖြိုးဆဲနိုင်ငံများမှ အစိုးရများသည်လွတ်လပ်သောဈေးကွက်စီးပွားရေးစနစ်၊ ပုဂ္ဂလိကပိုင်ပြုလုပ်ခြင်းနှင့် စည်းမျဉ်းစည်းကမ်းများဖြေလျှော့ပေးခြင်းနည်းလမ်းများပါဝင်သည့် အစီအစဉ်သစ်ကို လက်ခံလာကြရပါသည်။ လူထုအဖွဲ့အစည်းများကိုလည်း လမ်းဖွင့်ပေးကြရသည်။ ဒီမိုကရေစီဖော်ဆောင်မှုဆီသို့လည်း တွန်းပို့ခြင်းခံကြရလေသည်။ မဟာဗျူဟာ

အသစ်ဖြစ်သော ပုဂ္ဂလိကပိုင်ပြုလုပ်ခြင်း၊ ပုဂ္ဂလိကနှင့်အစိုးရလက်တွဲလုပ်ခြင်း သို့မဟုတ် ပြည်ပရင်းနှီးမြှုပ်နှံမှုများဖြင့် ဖက်စပ်ပြုလုပ်ခြင်းတို့သည် အစိုးရများထမ်းထားရသော ဝန်ထုပ်ဝန်ပိုးတချို့ကို ဖြုတ်ချနိုင်ခဲ့၍ သက်သာမှုရရှိကြသော်လည်း ဖွံ့ဖြိုးဆဲနိုင်ငံအများစုတွင် ပုဂ္ဂလိကအပိုင်းက အင်အားနည်းခြင်း အတွေ့အကြုံမရှိခြင်းတို့ကြောင့် အဆိုပါ ဝန်ထုပ်ဖြုတ်ချရေးလုပ်ငန်းစဉ်သည် ရှင်းလင်းလွယ်ကူစွာဖြစ်ထွန်းလာခဲ့သည် မဟုတ်ပေ။

မွေးကင်းစအရွယ်တွင် ရှိနေသေးသည့် ပုဂ္ဂလိကကဏ္ဍနှင့် လူထုအဖွဲ့အစည်းတို့သည် လျင်မြန်သော ပြောင်းလဲမှုနှင့် လိုက်လျောညီထွေ နိုင်နိုင်နင်းနင်း လုပ်ကိုင်ရန် အခက်အခဲရှိနေခဲ့ကြပါသည်။ အများပြည်သူ့အကျိုးအတွက် ရည်ရွယ်သော အကြောင်းတရားနှင့် ပုဂ္ဂလိကအကျိုးအတွက် ရည်ရွယ်သော အကြောင်းတရားတို့အကြားဖြစ်ပေါ်လာသောရှုပ်ထွေးမှုများကလည်း အစိုးရများ၏ ဂုဏ်သိက္ခာကျဆင်းမှုကို ဖြစ်လာစေနိုင်ပါသည်။ အကျပ်အတည်းကို နောက်ထပ်တိုးပွားလာစေသည့်အချက်မှာ လူထု၏ အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်စွမ်းဖြစ်သည်။ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် သန့်ရှင်းသောသောက်သုံးရေ၊ အစားအစာ၊ အမိုးအကာ၊ လျှပ်စစ်၊ လုံခြုံရေး အစရှိသည်တို့အတွက် အစိုးရ၏ဖြည့်ဆည်းပေးနိုင်မှုသည် ကျောထောက်နောက်ခံအခြေအနေကောင်းမရှိလျှင် လျင်မြန်စွာဆုတ်ယုတ်လာလေ့ရှိပါသည်။ ပြီးခဲ့သော ဆယ်စုနှစ်များအတွင်းဆင်းရဲနွမ်းပါးမှုအဆင့် လျင်မြန်စွာကြီးထွားလာခဲ့ခြင်းကလည်း အဓိကပြဿနာတစ်ခုဖြစ်၏။ အထက်ပါခက်ခဲသောအခြေအနေများသည် အသွင် ကူးပြောင်းရေးကာလအတွင်း ပေါ်ပေါက်လာမြဲဖြစ်သော ပြဿနာများ၏ အရင်းခံအကြောင်းတရားများဖြစ်ကြပါသည်။ ပြုပြင်ပြောင်းလဲမှုများတချို့လုပ်ဆောင်လိုက်၍ အဆိုပါ ပြဿနာများသည် လုံးဝရပ်စဲသွားပြီဟူ၍မရှိပါ။ တစ်မျိုးပြီးတစ်မျိုး ပေါ်ပေါက်နေကြသည် ချည်းပင်ဖြစ်ပါသည်။ တောင်အာရှဒေသ၏ အတိတ်ကပြောပြသည်မှာ ဒီမိုကရေစီသည် တူတူပုန်းတမ်း ကစားကြသကဲ့သို့ဖြစ်သည်ဟုဆိုကြပါသည်။ တစ်ယောက်ကရှာလျှင် အခြားတစ်ယောက်က ပုန်းနေသည်၊ သို့ဘာသာသူရှင်သန်နိုင်သော ဒီမိုကရေစီ၏ အကျိုးစီးပွားထက်ပင် ဇက်ကြိုးကိုင်သူများ အချင်းချင်း သဟဇာတ ဖြစ်ရန်အရေးကို ဦးစားပေးလုပ်ရန် ပိုအရေးကြီးသည်ဟု ထင်ရပါသည်။

## **အုပ်ချုပ်ရေးကျင့်စဉ်**

ကောင်းမွန်သော အုပ်ချုပ်ရေး၌ အင်္ဂါရပ်ရှစ်ချက်ရှိကြောင်း ကုလသမဂ္ဂ၏ အစီရင်ခံစာတွင် ဖော်ပြထားပါသည်။ ပါဝင်ခွင့်ရှိခြင်း၊ အများဆန္ဒရေးရှုခြင်း၊ တာဝန်ခံမှုရှိခြင်း၊ ထင်သာမြင်သာရှိခြင်း၊ တုံ့ပြန်မှုရှိခြင်း၊ ထိရောက်မှုနှင့်စွမ်းရည်ရှိခြင်း၊ မျှတခြင်းနှင့် အပါအဝင်ဖြစ်ခြင်း နှင့် တရားဥပဒေစိုးမိုးမှုရှိခြင်း တို့ဖြစ်ပါသည်။ ဤအချက်များကို အကောင်အထည်ဖော်ခြင်းဖြင့် အကျင့်ပျက်ခြစားမှု အနည်းဆုံးဖြစ်စေခြင်း၊ လူနည်းစု၏ အမြင်များကို ထည့်သွင်းစဉ်းစားခြင်းနှင့် လူအဖွဲ့အစည်း၏ အားအနည်းဆုံးပုဂ္ဂိုလ်များ၏ အသံများကို ကြားသိရခြင်း စသည့်အကျိုးကျေးဇူးများကို ရရှိနိုင်ပါသည်။

အထက်ပါကိစ္စများကိုဆောင်ရွက်ရာတွင် အစိုးရများသည် တစ်သီးတစ်သန့်လွတ်လပ်စွာဆောင်ရွက်ရခြင်း မဟုတ်ပါ။ တစ်ချိန်တည်းတစ်ပြိုင်တည်း ဖြစ်ပေါ်နေသည့် ကမ္ဘာလွှမ်းခြုံမှုဆိုင်ရာ ဖြစ်စဉ်များ၊ သတင်းမီဒီယာဆိုင်ရာကိစ္စများ၊ အကြမ်းဖက်မှုအခြေအနေများ၊ လူတို့၏ ရှင်သန်နိုင်မှုအတွက် အခြေခံလိုအပ်ချက်ဖြည့်ဆည်းပေးရေးကိစ္စများ၊ လွတ်လပ်စွာယုံကြည်ကိုးကွယ်ခွင့်ဆိုင်ရာ ကိစ္စရပ်များတို့နှင့်အတူ အောင်မြင်စွာ

ဖြေရှင်း ဆောင်ရွက်ပေးနေရပါသည်။ အဆိုပါကိစ္စများကို အောင်မြင်စွာ ကိုင်တွယ်ဖြေရှင်းပေးနိုင်ခြင်းသည် အစိုးရများအတွက် ယုံကြည်စိတ်ချရမှုတည်ဆောက်ရာတွင် အကြီးအကျယ်အထောက်အကူ ဖြစ်စေပါသည်။

၂၀၀၆ ခုနှစ်တွင်တင်သွင်းခဲ့သော လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အစီရင်ခံစာတစ်ခုတွင် ဖော်ပြထားရာ၌ တောင်အာရှဒေသမှ နိုင်ငံများရင်ဆိုင်နေရသည့် အုပ်ချုပ်ရေးဆိုင်ရာပြဿနာများမှာ တစ်ပုံစံတည်း ထပ်ခါတလဲလဲဖြစ်နေကြသည်ဟုဆိုပါသည်၊ အရင်းအမြစ်လုံလောက်မှုမရှိခြင်း၊ ပန်းတိုင်နိမ့်ကျခြင်း၊ အကျိုးကျေးဇူးခံစားရရှိရေးတွင် နိုင်ငံရေးအရ ဝင်ရောက်စွက်ဖက်မှု အကြီးအကျယ်ရှိခြင်း၊ ထင်သာမြင်သာမရှိခြင်းနှင့် အကျင့်ပျက်ခြစားခြင်းတို့ကြောင့် ယိုဖိတ်မှုများခြင်း၊ အုပ်ချုပ်ရေးဌာနများ၏ စွမ်းဆောင်ရည်အားနည်းခြင်း၊စောင့်ကြပ်ကြည့်ရှုမှုနှင့် အကဲဖြတ်မှုယန္တရားချို့တဲ့ခြင်းစသည်တို့ဖြစ်ပါသည်။ပြည်သူ့ရေးရာ ဝန်ဆောင်မှုလုပ်ငန်းများတွင် မညီမျှမှုများ အမြစ်စွဲနေသည့် အပြင် အုပ်ချုပ်ရေးအပိုင်းကလည်း အထက်ပါ အားနည်းချက်များ တင်းကြမ်းဖြစ်နေသောအခါ ဆင်းရဲသူများက ချမ်းသာသူများထက် ပို၍ အထိနာခဲ့ကြရပေသည်။

## ပါဝင်နိုင်ခွင့်ရှိခြင်း

ပါဝင်ခွင့်ရှိခြင်းကိစ္စသည် ပြည်သူလူထုနှင့် နိုင်ငံရေးစနစ်အကြား ကွင်းဆက်တစ်ခုအဖြစ် များစွာ အရေးကြီးပါသည်။ နိုင်ငံရေးစနစ်တစ်ခု၏ ဂုဏ်သိက္ခာရှိမှုနှင့်တရားဝင်မှုသည် လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲယန္တရား၏လုပ်ရှားဆောင်ရွက်ချက်များအပေါ်တွင်တည်ပါသည်။ ပြည်သူလူထု၏ မျှော်လင့်ချက်နှင့် အခွင့်အာဏာရှိမှုသည် အစိုးရတစ်ရပ်ကို ပင်လျှင် လုံလောက်သော အရည်အချင်းမရှိပါက ပြောင်းလဲပစ်နိုင်သည်ဟူသော ခံစားမှုဖြစ်ပေါ်စေရန်ဖြစ်ပါသည်။ ရွေးကောက်ပွဲလှုပ်ရှားမှုများမှတစ်ဆင့် ယင်းကဲ့သို့ ပါဝင်နိုင်ခွင့်ရှိသောနိုင်ငံရေးစနစ်သည် အိန္ဒိယနိုင်ငံတွင် အခြေခံအဆောက်အအုံခိုင်မာစွာတည်ရှိနေပါသည်။ သမိုင်းနောက်ခံတူညီခဲ့ကြသော်လည်း ပါကစ္စတန်၏နိုင်ငံရေးလမ်းစဉ်မှာ ကွဲပြားခြားနားစွာ ဖြစ်ပေါ်ခဲ့ပါသည်။ ပါလီမန်စနစ်၊ သမ္မတအုပ်ချုပ်ရေးစနစ်၊ စစ်အုပ်ချုပ်ရေးစနစ်တို့ကို ဖြတ်သန်းလာခဲ့ပြီးနောက် ယခုအခါ သမ္မတနှင့် ပါလီမန် ရောစပ်သောပုံစံတွင် သမ္မတက အာဏာချိန်ခွင်လျှာ အားသာသောစနစ်အဖြစ်ရပ်တည်နေပါသည်။ တည်ငြိမ်ရင့်ကျက်သော ဒီမိုကရေစီ ဖြစ်ရန် အချိန်ယူရဦးမည်ဖြစ်ပါသည်။ လက်နက်ကိုင်တိုက်ပွဲများ ဖြတ်သန်းလာရစေကာမူ ဒေသအတွင်း စာတတ်မြောက်မှုအမြင့်ဆုံး (၉၆%) ရှိသည့် သီရိလင်္ကာတွင် ရွေးကောက်ပွဲများကို အချိန်မှန်လုပ်ပေးနိုင်ခြင်း၊ ပါလီမန်နိုင်ငံရေးစနစ် ရှင်သန်နေခြင်းတို့ကြောင့် ပါဝင်နိုင်ခွင့်ရှိမှု အခြေခံရလာနိုင်သည်ဟု ယူဆရပါသည်။ နီပေါနှင့်ဘင်္ဂလားဒက်ရှ် တို့တွင်လည်း ပါတီစုံနိုင်ငံရေး စနစ်ဖြင့် တည်ငြိမ်မှုရရှိလာစပြုပြီဟုဆိုနိုင်ပါသည်။

ပါဝင်နိုင်ခွင့်ရှိခြင်း၊ ဖွံ့ဖြိုးတိုးတက်ခြင်းနှင့်လုံခြုံရေးတည်းဟူသောအကြောင်းတရားများတွင် အားပြိုင်မှုများရှိနေကြသောကြောင့် တောင်အာရှဒေသ၌ အစိုးရများအပေါ် ယုံကြည်စိတ်ချရမှုအားနည်းခြင်း သည် တစ်စုံတစ်ရာသော အတိုင်းအတာအထိ ဖြစ်ပေါ်နေပါသည်။ ကိုလိုနီခေတ်လွန်ကာလ အထိုက်အလျောက်ကြီးမားသော စိန်ခေါ်မှုများနှင့် ကမ္ဘာလွှမ်းခြုံမှုဖိအားများဒဏ်ကို ရောထွေးယှက်တင်ခံစားနေရခြင်း၊ လုံခြုံရေးဆိုင်ရာပြဿနာများ တာရှည်ဖြစ်ပေါ်နေခြင်းတို့ကြောင့် ဤဒေသသည် ကောင်းမွန်သော အုပ်ချုပ်ရေး၏ စံနမူနာပြပုံစံဖြစ်မလာသည်မှာ အံ့သြစရာတော့မဟုတ်ပါချေ။